**၂၀၁၄ အောက်တိုဘာလ (၂၄)ရက် မတိုင်မီထိ ထိန်းသိမ်းထားပေးပါရန်။**

| | | |
|---|---|---|
| မီဒီယာ ဆက်သွယ်ရန် = | ခွန်ဦး - ၀၉ ၃၃၅၅၂၂၄၉၀ | ခွန်ချန်ကီ ၀၉ ၂၅၀၂၀၁၀၀၈ |

# ဘိန်းနွံတွင်းမှ ပြည်သူတို့၏ ငိုရှိုက်သံများကို တာဝန်ရှိသူတိုင်းက ကြားသိကယ်တင်နိုင်ရန်။

၂၀၀၅ မတိုင်ခင်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့နှင့် နိုင်ငံတော်အစိုးရအကြား အပစ်အခတ်ရပ်စဲရေး ရယူခဲ့ကြသော်လည်း  နဝတ၊ နအဖ အစိုးရသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းသည့်အပြင် မြန်မာ-တရုတ် နယ်စပ်တစ်လျှောက်တွင် စီးပွားဖြစ် ဘိန်းစိုက်ပျိုးထုတ်လုပ်သည်ကို လှစ်လျူရှုထားခဲ့သဖြင့် မြန်မာနိုင်ငံ၏ အထွေထွေ အကြပ်အတည်း ပြဿနာများကို သက်ဆိုးရှည်စေခဲ့သည်ဟု ယနေ့ထုတ်ဝေသည့် အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

"ဘိန်းနွံတွင်းက ငိုရှိုက်သံ" အမည်ရှိ ပအိုဝ်းလူငယ်အစည်းအရုံး (PYO)နှင့် တောင်တန်းဒေသ လူမှုဖွံ့ဖြိုးရေးလှုပ်ရှား ဆောင်ရွက်မှုအဖွဲ့ (AHLSD) တို့မှ စုစည်းသုံးသပ် ပြုစုထားသည့်အစီရင်ခံစာတွင် လက်နက်ကိုင်ပဋိပက္ခများနှင့် လယ်ယာ မြေသိမ်းဆည်းမှုများကြောင့် ဘိန်းစိုက်ပျိုးလုပ်ငန်း ကြီးထွားလာပုံကို အသေးစိတ်ဖော်ပြထားပါသည်။

စိုက်ပျိုးရေးလုပ်ငန်းဖြင့် လယ်ယာမြေများကို မှီခိုနေကြသည့် မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ %  သည် ပြည်မတွင် မြေယာ သိမ်းဆည်းမှု၏ အကျိုးဆက်ဖြစ်သော လယ်ယာမဲ့ဘဝ ရောက်သူများက အလုပ်အကိုင်ရရှိရေးအတွက် မြို့ပြများသို့ ပြောင်းရွှေ့လုပ်ကိုင်လာခြင်းနှင့်အတူ လုပ်ခလစာနည်းပါးခြင်းကြောင့် ကျူးကျော်နေထိုင်မှုများ ဖြစ်ပေါ်ခဲ့သည်။ ထို့နည်းတူ ရှမ်းပြည်နယ်တောင်ပိုင်းတွင် မြေယာသိမ်းဆည်းမှုများကြောင့် လယ်ယာမဲ့ပြဿနာနှင့် ရင်ဆိုင်ရသူအချို့သည် မိမိတို့ ဝမ်းရေးအတွက် ဘိန်းခြံများသို့ နေ့စားအလုပ်သမားအဖြစ် ပြောင်းရွှေ့လုပ်ကိုင်ကြသလို အချို့သည် နယ်စပ်ကို ဖြတ်ကျော်၍ အိမ်နီးနားချင်းနိုင်ငံများသို့ ရရာအလုပ်များကို  ရှာဖွေကြရာမှ လူကုန်ကူးမှု ပြဿနာပါ ကြီးထွားစေခဲ့ပါသည်။

**"ဘိန်းစိုက်တယ်ဆိုတာ မြေကြီး (၅)ချက်ပေါက်တာနဲ့ ကိုယ်ကျိုးအတွက် (၁)ချက်သာအကျိုးရှိတယ်။ ပထမတစ်ချက်ကတော့ ဗမာစစ်တပ်အတွက်၊ ဒုတိယတချက်ကတော့ ပြည်သူ့စစ်အတွက်၊ တတိယတစ်ချက်ကတော့ သူပုန်အတွက်၊ စတုတ္ထ အချက်ကတော့ ကျေးရွာဘက်စုံဖွံ့ဖြိုးရေးအတွက်၊ ပဥ္စမတစ်ချက်ရောက်မှ ကိုယ့်မိသားစုအတွက် အကျိုးဖြစ်တာ။ လက်ရှိမှာ တော့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးနီးပါးက အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူထားကြ နေပြီဆိုပေမဲ့ သူတို့နှစ်ဦးနှစ်ဘက်က မူးယစ်ဆေးဝါးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှု အရမ်းအားနည်းနေသေးတာကို တွေ့ရတယ်။"** ဟု ပအိုဝ်းလူငယ်အစည်းအရုံး၏ စီမံကိန်းဦးစီးမှူး ခွန်ဦးက ဆိုသည်။

မြန်မာနိုင်ငံတွင် ဘိန်းပပျောက်ရေးနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေး စီမံကိန်းကြီး (၃)ခုကို နှစ်ပေါင်း (၃၄)နှစ်ကြာ ဆောင်ရွက် ပြီး ဖြစ်သော်လည်း လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသော ရှမ်းပြည်တောင်ပေါ်ဒေသတွင် တရားမဝင် အကောက်အခွန်များ

ခြင်း၊ အဂတိလိုက်စားမှုများခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲသူများအတွက် ဘဝပြန်လည်ပြုစုပျိုးထောင်ရေးစီမံချက် လုပ်ငန်းဆောင်ရွက်မှုတွင် ပြည်သူတို့၏ ပူးပေါင်းပါဝင်ခွင့် အားနည်းခြင်းကြောင့် မူးယစ်ဆေးဝါးဈေးကွက် တွင်ကျယ်လာခြင်း၊ စိုက်ပျိုးမြေယာများ သိမ်းဆည်းခံရခြင်းနှင့် လယ်ယာထွက် ရာသီသီးနှံများကို စီးပွားဖြစ် တင်ပို့နိုင်မည့် ဈေးကွက်မရရှိခြင်းတို့ကြောင့် ဘိန်းပပျောက်ရေးစီမံကိန်း မအောင်မြင်သေးသည့် အကြောင်းရင်း ဖြစ်ပါသည်။

တည်ဆဲမူးယစ်ဆေးဝါးဆိုင်ရာဥပဒေသည် စနစ်၏ သားကောင်ဖြစ်ကြရသော သာမန်ပြည်သူများစွာကို မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု၊ သုံးစွဲမှုများကို ရုံးတင်စစ်ဆေး၍ နစ်ရှည်ထောင်ဒဏ်ဖြင့် အရေးယူခဲ့သော်လည်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ပြောပလောက်သော နိုမ်နင်းမှု မဖြစ်ခဲ့ချေ။ လက်ရှိလွှတ်တော်တွင် ၁၉၉၃ မူးယစ်ဥပဒေအပါအဝင် မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ ပြန်လည်ပြင်ဆင် သုံးသပ်ချမှတ်ရေးအဆိုကို တင်သွင်းခြင်း မတွေ့ရသေးပေ။

Email Contacts: pyorg.net@gmail.com, ahlsdevelopment@gmail.com